# ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀ ။)

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ ခွင့်ရက် နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက် နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ဤဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစားအားလုံးနှင့် သက်ဆိုင်စေရမည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) **ခွင့်ရက်** ဆိုရာတွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက် နှင့်မီးဖွားခွင့်ရက်တို့ ပါဝင်သည်။"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၄) **အလုပ်သမား** ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမားနှင့် အမြဲတမ်း အလုပ်သမား အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်း အတွက်ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြုလုပ်ကိုင်နေသူကို ဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့ မပါဝင်ချေ-

(က) ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကိုယ်ပိုင်အလုပ် ဌာနလုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို (အရင်း)၊ ညီအစ်မ (အရင်း) နှင့် မောင်နှမအရင်းများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ သို့မဟုတ် စီးပွားရေးလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေ ရရှိသော အမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ ဝေစုအဖြစ်ဖြင့် ရရှိသူများ၊

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့် အစောင့်၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့်သော်လည်းကောင်း၊ လစာငွေနှင့်သော်လည်းကောင်းပေးရန် ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ ရရှိသော နိုင်ငံ့ဝန်ထမ်းများ၊”

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ ပါရှိသော “မှတ်ပုံဝင်ဆရာဝန်” ဆိုသည့်စကားရပ်ကို “မှတ်ပုံတင်ဆရာဝန်” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “မြန်မာနိုင်ငံဘယဆေးဆိုင်ရာအက်ဥပဒေ” ဆိုသည့် စကားရပ်ကို “မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေ” ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ “တည်ဆဲတရားဥပဒေ တစ်ရပ်ရပ်” ဆိုသည့် စကားရပ်ကို “တည်ဆဲ ဥပဒေတစ်ရပ်ရပ်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “နိုင်ငံတော်သမ္မတ” ဆိုသည့် စကားရပ်ကို “ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

( င ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(၈) **အလုပ်ပိတ်ရက်** ဆိုသည်မှာ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့်အများ ပြည်သူအလုပ်ပိတ်ရက်တို့ကို ဆိုသည်။”

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) တို့၌ ပါရှိသော “အများအလုပ်ပိတ်ရက်” ဆိုသည့် စကားရပ်ကို “အများပြည်သူအလုပ်ပိတ်ရက်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) ၌ ပါရှိသော “ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ” ဆိုသည့် စကားရပ်ကို “ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူအလုပ်ပိတ်ရက်များ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၃) ၏ နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(၄) အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်။”

၆။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော “မှတ်ပုံဝင်ဆရာဝန်” ဆိုသည့် စကားရပ်ကို “မှတ်ပုံတင်ဆရာဝန်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၃) ကို ပယ်ဖျက်ရမည်။

၈။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇-က။ ကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားများအား မီးမဖွားမီရက် သတ္တပတ် ခြောက်ပတ်နှင့်မီးဖွားပြီး ရက်သတ္တပတ် ရှစ်ပတ်ကို သက်ဆိုင်ရာအခကြေးငွေ နှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ မီးဖွားခွင့် ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။"

၉။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော "နိုင်ငံတော်သမ္မတ" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၁၃ ၌ ပါရှိသော "နိုင်ငံတော် သမ္မတသည်" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်" ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

၁၁။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။"

၁၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈) ပါ ဇယားကိုပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ

## (၁၉၅၁ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈။) (၁၉၅၂ခု၊ ဇန္နဝါရီလ ၁ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

**အမည်နှင့်စတင်အာဏာတည်သည့်နေ့**

၁။ (၁) ဤအက်ဥပဒေကို ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေဟုခေါ်ရမည်။

(၂) *ဤဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစားအားလုံးနှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၂။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင်-

(၁) **နေ့၊ သို့တည်းမဟုတ် ရက်** ဆိုသည်မှာညဉ့်သန်းခေါင်ချိန်မှစ၍ ရေတွက်သည့် နှစ်ဆယ့်လေးနာရီကာလအပိုင်းအခြားကိုဆိုလိုသည်။

(၂) †**ခွင့်ရက်** ဆိုရာတွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ် ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ပါဝင်သည်။

(၃) **လုပ်သက်ခွင့်ရက်**ဆိုသည်မှာ အလုပ်လုပ်ခဲ့သည့် ကာလအပိုင်းအခြား အတွက် သော်၎င်း၊ တာဝန်ဝတ္တရားဆောင်ရွက်ခဲ့သည့် ကာလအပိုင်းအခြားအတွက်သော်၎င်း၊ ရထိုက်ခွင့်ရှိသောခွင့်ရက်ကိုဆိုလိုသည်။

(၄) ‡**အလုပ်သမား**ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမားနှင့် အမြဲတမ်းအလုပ်သမား အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်း အတွက် ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြုလုပ်ကိုင်နေသူကိုဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့ မပါဝင်ချေ-

(က) ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း၊ သို့မဟုတ် စီးပွားရေးလုပ်ငန်း၊ သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာနလုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို(အရင်း)၊ ညီအစ်မ(အရင်း)နှင့်မောင်နှမအရင်းများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေရရှိသော အမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ဝေစုအဖြစ်ဖြင့် ရရှိသူများ၊

---

* ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
† ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
‡ ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့် အစောင့်၊

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ် အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့် သော်လည်းကောင်း၊လစာငွေနှင့်သော်လည်းကောင်းပေးရန်ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များရရှိသော နိုင်ငံ့ဝန်ထမ်းများ၊

(၅) **အလုပ်ရှင်**ဆိုသည်တွင် ကျနစ္စာဖွဲ့စည်းသည့်၊ သို့တည်းမဟုတ် မဖွဲ့စည်းသည့် ပုဂ္ဂိုလ်တစ်စုနှင့် အလုပ်ရှင်၏ အုပ်ချုပ်မှုကိုယ်စားလှယ် ပါဝင်သည့်ပြင် ကွယ်လွန်သူအလုပ်ရှင်၏ တရားဝင်ကိုယ်စားလှယ်လည်း ပါဝင်သည်။

(၆) **လစာငွေ**ဆိုသည်မှာ အခြေခံလစာငွေကို ဆိုလိုသည်။ ရှားပါးစရိတ်ရှိလျှင် အခြေခံလစာငွေနှင့် ရှားပါးစရိတ် နှစ်ရပ်ပေါင်းကို ဆိုလိုသည်။

(၇) [§]**မှတ်ပုံတင်ဆရာဝန်** ဆိုသည်မှာ [**]မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ အရ ဖြစ်စေ၊ ဆရာဝန်များ၏ မှတ်ပုံတင်စာရင်းထားရှိရေးအတွက် ပြဋ္ဌာန်းသည့် [††]တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ မှတ်ပုံတင်ထားသူကို ဆိုလိုသည့်ပြင် ထိုကဲ့သို့ မှတ်ပုံတင်ဆရာဝန်မရှိသည့် အရပ်ဒေသတခုခုအတွက် ဤအက်ဥပဒေအလို့ငှာ မှတ်ပုံတင်ဆရာဝန်ဖြစ်သည်ဟု [‡‡]ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမိန့်ကြော်ငြာစာဖြင့်ပြဋ္ဌာန်းသူသည်လည်းထိုစကားရပ်တွင် ပါဝင်သည်။

(၈) [§§]**အလုပ်ပိတ်ရက်** ဆိုသည်မှာ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက်တို့ကို ဆိုသည်။

(၉) **အခကြေးငွေ**ဆိုသည်မှာ၊ အခကြေးငွေပေးရေးအက်ဥပဒေ၊ ပုဒ်မ ၂ (၆)တွင် အဓိပ္ပါယ်ဖော်ပြထားသည့် အခကြေးငွေကို ဆိုလိုသည်။

**အများပြည်သူအလုပ်ပိတ်ရက်**

၃။ (၁) အလုပ်ရှင် က မိမိ၏ အလုပ်သမားအသီးသီးအား သက်ဆိုင်ရာရာ အခကြေးငွေ၊ သို့တည်းမဟုတ် လစာငွေအပြည့်နှင့် အောက်ပါနေ့များကို [***]အများပြည်သူ အလုပ်ပိတ်ရက် အဖြစ်ဖြင့် ခွင့်ပြုရမည်။
[†††]ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူအလုပ်ပိတ်ရက်များ။

(၂) [‡‡‡]အများပြည်သူအလုပ်ပိတ်ရက်တရက်သည်၊ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့် ဖြစ်စေ၊အခြားအများပြည်သူအလုပ်ပိတ်ရက်နှင့်ဖြစ်စေ တိုက်ဆိုင်နေလျှင်၊ အခြားနေ့ တနေ့ကို အများပြည်သူအလုပ်ပိတ်ရက်အဖြစ်ဖြင့် ပြောင်းလဲ၍ခွင့်မပြုရ။ထိုသို့

---

[§] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[**] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[††] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[‡‡] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[§§] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[***] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[†††] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[‡‡‡] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။

တိုက်ဆိုင်သည့် အလုပ်ပိတ်ရက်ကို အများပြည်သူအလုပ်ပိတ်ရက် ဖြစ်သည်ဟု ယူဆရမည်။ သို့ရာတွင် အလုပ်သမားသည် အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရလျှင်၊ ထိုအလုပ်သမားအား သက်ဆိုင်ရာရာ အခြေခံအခကြေးငွေကိုသော်၎င်း၊ အခြေခံလစာငွေကိုသော်၎င်း၊ ထိုနေ့အတွက် ပေးမြဲနှုန်း၏ နှစ်ဆရထိုက်စေရမည့်အပြင်၊ ရှားပါးစရိတ်ရနေလျှင် ထိုနေ့အတွက် ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်း ရထိုက်စေရမည်။

(၃) ဗုဒ္ဓဘာသာဝင် မဟုတ်သည့် အလုပ်သမားများအတွက် ထိုအလုပ်သမားများနှင့် အလုပ်ရှင်များ အချင်းချင်း သဘောတူညီချက်အတိုင်း သက်ဆိုင်ရာရာ ဘာသာရေးအခါကြီးရက်ကြီးများကို လစာမရှိ အလုပ်ပိတ်ရက် အဖြစ်ဖြင့် ခွင့်ပြုနိုင်သည်။

(၄) [§§§]အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး တစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်။

## လုပ်သက်ခွင့်ရက်

၄။ (၁) အလုပ်ရှင်သည်၊ မိမိ၏ အလုပ်ကို တဆက်တည်း ဆယ့်နှစ်လပြည့်အောင် လုပ်ခဲ့သည့် အလုပ်သမား အသီးသီးအား နောက်လာမည့် ဆယ့်နှစ်လအတွင်းတွင် သက်ဆိုင်ရာ ပျမ်းမျှအခကြေးငွေဖြင့်ဖြစ်စေ၊ ပျမ်းမျှလစာငွေဖြင့်ဖြစ်စေ လုပ်သက်ခွင့်ရက်ကို ဆယ်ရက် တစ်ဆက်တည်းခွင့်ပြုရမည်။

(၂) အလုပ်သမားသည် တလလျှင်အနည်းဆုံး [****]ရက်နှစ်ဆယ် အလုပ်လုပ်ခဲ့သူလည်း ဖြစ်၍၊ အလုပ်ကို တဆက်တည်း ဆယ့်နှစ်လပြည့်အောင်လုပ်ပြီးသည်လည်း ဖြစ်လျှင်၊ လုပ်သက်ခွင့်ရက်ကိုခွင့်ပြုရမည်။ သို့ရာတွင် အလုပ်သမားသည် ရက်နှစ်ဆယ် ပြည့်အောင်မလုပ်ခဲ့သော လတိုင်း အတွက် မိမိလုပ်သက်ခွင့်ရက်မှ တရက်ကျစီ အဖြတ်ခံရမည်။

ရှင်းလင်းချက်။ ။အလုပ်သမားသည် ဆယ့်နှစ်လအတွင်း မကျန်းမာသောကြောင့်ဖြစ်စေ၊ မတော်တဆထိခိုက်မှုကြောင့် ဖြစ်စေ၊ ဤအက်ဥပဒေ အရ ခွင့်ပြုသော အခြားပျက်ကွက်မှုကြောင့်ဖြစ်စေ(ထိုပျက်ကွက်မှုသုံးမျိုးပေါင်းသည်၊ရက်ကိုးဆယ်ထက်မကျော်လွန်စေဘဲ) အလုပ်ပျက်ကွက်စေကာမူ၊ သို့တည်းမဟုတ် အလုပ်ရှင်က အလုပ်ပိတ်ထားခြင်းကြောင့် ဖြစ်စေ၊ ဥပဒေနှင့် မညီသည်လည်း မဟုတ်သော သပိတ်မှောက်ခြင်းကြောင့် ဖြစ်စေ၊ မိမိအလိုအတိုင်းမဟုတ်ဘဲ၊ ရံဖန်ရံခါ အလုပ်မရှိခြင်းကြောင့်ဖြစ်စေ၊ (ထိုပျက်ကွက်မှု သုံးမျိုးစုစုပေါင်းသည်

---

[§§§] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[****] ၂၀၀၆ခုနှစ်၊ နယကဥပဒေအမှတ် ၆/၀၆ အရပြင်ဆင်သည်။

ရက်သုံးဆယ်ထက်မကျော်လွန်စေဘဲ) ပျက်ကွက်စေကာမူ ထို အလုပ်သမားသည်မိမိအလုပ်ကို တဆက်တည်း ဆယ့်နှစ်လ ပြည့်အောင် လုပ်ခဲ့သူဟုမှတ်ယူရမည်။

(၃) အလုပ်ရှင်သည်၊ မိမိအလုပ်သမားအား၊ လုပ်သက်ခွင့်ရက်ယူနိုင်စေရန် ထိုသူ၏ လုပ်သက်ခွင့်နှင့်သက်ဆိုင်သည့် တစ်ဆယ့်နှစ်လဖြစ်သော ကာလအပိုင်းအခြား၏ နောက်ဆုံးနေ့မှ စ၍ သုံးလအတွင်းအချိန်ကို သတ်မှတ်ပေးရမည်။ သို့ရာတွင် သက်ဆိုင်ရာ အလုပ်သမားနှင့် အလုပ်ရှင်အချင်းချင်း သဘောတူညီလျှင်၊ သုံးနှစ်ထက်မပိုသောကာလ အပိုင်းအခြားအတွက် လုပ်သက်ခွင့်ရက်ကို စုပေါင်း၍ မည်သည့်အချိန်တွင် မဆိုပေးနိုင်သည်။

(၄) လုပ်သက်ခွင့်ရက်ရသည့် အလုပ်သမားအား၊ ခွင့်ပြုသည့်လုပ်သက်ခွင့်ရက် ကာလအပိုင်းအခြား အတွက် သက်ဆိုင်ရာရာ အခကြေးငွေကိုဖြစ်စေ၊ လစာငွေကို ဖြစ်စေ၊ လုပ်သက်ခွင့်ရက် ကာလမစမီ ထုတ်ပေးရမည်။ အဆိုပါ အခကြေးငွေကို ဖြစ်စေ လစာငွေကိုဖြစ်စေ၊ ထုတ်ပေးမြဲအရပ်၌ အလုပ်သမားအားသော်၎င်း၊ အလုပ်သမား ကလွှဲအပ်ထားသည့် ကိုယ်စားလှယ်အားသော်၎င်းထုတ်ပေးရမည်။

(၅) လုပ်သက်ခွင့်ရထိုက်သည့်အလုပ်သမားတိုင်းသည် မိမိရထိုက်သည့်၊ သို့တည်းမဟုတ် စုထားသည့် ခွင့်ရက်များကို မယူသေးမီ အလုပ်မှ နှုတ်ထွက်လျှင်၊ သို့တည်းမဟုတ် အလုပ်ရှင်၏အလုပ်မှ ထုတ်ပစ်ခြင်းခံရလျှင်သို့တည်းမဟုတ် သေဆုံးလျှင်၊ ထိုအလုပ်သမားအားဖြစ်စေ၊ ထိုအလုပ်သမား၏ တရားဝင်ကိုယ်စားလှယ်အားဖြစ်စေ၊ လုပ်သက်ခွင့်ရက်အစား၊ ထိုအလုပ်သမား အလုပ်မှမနှုတ်ထွက်မီ၊ သို့တည်းမဟုတ် ထုတ်ပစ်ခြင်းမခံရမီ၊ သို့တည်းမဟုတ် မသေဆုံးမီ တဆက်တည်း ဖြစ်သော၊ လွန်ခဲ့သည့်ရက်ပေါင်းသုံးဆယ်အတွင်း လုပ်ခဲ့သည့်ရက်များအတွက် သက်ဆိုင်ရာ အခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေ အခကြေးငွေ၏ သို့တည်းမဟုတ် လစာငွေ၏ ပျမ်းမျှနေ့စဉ်နှုန်းထားနှင့် ညီမျှသည့်နှုန်းအတိုင်း တွက်စစ်၍ အလုပ်ရှင် က ပေးရမည်။[††††](အလုပ်မှ နှုတ်ထွက်သည့် သို့တည်းမဟုတ် အလုပ်မှ ထုတ်ပစ်ခြင်း ခံရသည့် အလုပ်သမားဖြစ်လျှင် ထိုသို့ပေးရမည့်ငွေကို နှုတ်ထွက်သည့် သို့တည်းမဟုတ် အလုပ်မှ ထုတ်ပစ်ခြင်း ခံရသည့်နေ့မှ အလုပ်ဖွင့်သည့် ဒုတိယနေ့ မကုန်ဆုံးမီထုတ်ပေးရမည်။ သေဆုံးသည့် အလုပ်သမားဖြစ်လျှင်ထိုသို့) ပေးရမည့် ငွေကို တောင်းဆိုပြီးနောက် ဆောလျင်နိုင်သမျှ ဆောလျင်စွာ ထုတ်ပေးရမည်။

## ရှောင်တခင်ခွင့်ရက်

၅။ (၁) အလုပ်သမားသည် သက်ဆိုင်ရာရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ ၊ ရှောင်တခင်ခွင့်ရက်ကို တနှစ်လျှင် စုစုပေါင်းခြောက်ရက်ရနိုင်ခွင့်ရှိစေရမည်။

---

[††††] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၅ အရ ပြင်ဆင်သည်။

[‡‡‡‡]ခြွင်းချက်။ ။သို့ရာတွင် ကုန်းလမ်းခရီးဖြင့်ဖြစ်စေ၊ ရေလမ်းခရီးဖြင့်ဖြစ်စေ၊ ခရီးဝေးသွားရန် အကြောင်းရှိလျှင်မှတပါး၊ သို့တည်းမဟုတ် မိမိကိုးကွယ်သည့် ဘာသာဓလေ့ထုံးတမ်းအစဉ်အလာအရ အကြောင်းထူးများရှိလျှင်မှတပါး၊ တကြိမ်လျှင် အများဆုံး သုံးရက်ထက် ပို၍ ရနိုင်ခွင့် မရှိစေရ။

(၂) ရှောင်တခင်ခွင့်ရက်ကို အခြား[§§§§]မည်သည့် ခွင့်ရက်တမျိုးမျိုးနှင့်မျှ မပေါင်းစပ်ရ။

(၃) အလုပ်သမားသည်၊ မိမိရထိုက်သော ရှောင်တခင်ခွင့်ရက်ကို သက်ဆိုင်ရာနှစ်အတွင်း မယူလျှင်၊ ထိုခွင့်ရက်သည်ပျက်ပြယ်စေရမည်။

**ဆေးလက်မှတ်ခွင့်ရက်**

၆။ (၁) အလုပ်သမားသည်၊ သက်ဆိုင်ရာရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ၊ တနှစ်လျှင် ရက်ပေါင်းသုံးဆယ်ထက် မပိုသော ကာလအပိုင်းအခြားအတွက် ဆေးလက်မှတ်ခွင့်ရက်ကို ရနိုင်ခွင့်ရှိစေရမည်။

[*****]ခြွင်းချက်။ ။သို့ရာတွင် အလုပ်သမားသည် အနည်းဆုံးခြောက်လပြည့်အောင် အလုပ်မလုပ်ခဲ့သေးသမျှဆေးလက်မှတ်ခွင့်ရက်ကို ရထိုက်ခွင့်မရှိစေရ။ သို့ရာတွင် အလုပ်သမားသည် အနည်းဆုံး ခြောက်လပြည့်အောင် အလုပ် မလုပ်ခဲ့ရသေးလျှင် ဆေးလက်မှတ် လစာမရှိ ခွင့်ရက်ကို ရထိုက်ခွင့် ရှိစေရမည်။

(၂) အလုပ်ဆိုင်ရာသို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ သို့တည်းမဟုတ် အလုပ်ဌာနဆိုင်ရာ ဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင်၊ အလုပ်ဌာနက သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်းဌာနက၊ သို့တည်းမဟုတ် အလုပ်ဌာနက သဘောတူသည့် ဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင် အခြား[†††††]မှတ်ပုံတင်ဆရာဝန်ထံမှသော်၎င်း၊ အစိုးရအမှုထမ်းများဖြစ်လျှင်၊ အစိုးရဆရာဝန်ထံမှသော်၎င်း၊ထိုသို့မရှိလျှင် အခြား မှတ်ပုံတင်ဆရာဝန်ထံမှသော်၎င်း၊ မီးရထားအလုပ်သမားဖြစ်လျှင်၊ မီးရထားဘက် ဆိုင်ရာဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင် အခြားမှတ်ပုံတင် ဆရာဝန်ထံမှ သော်၎င်း၊ ဆေးလက်မှတ်တင်ပြလျှင်ထိုဆေးလက်မှတ်ဖြင့်ခွင့်ရက်ကိုပေးရမည်။

[‡‡‡‡‡](၃) x x x x x x x x x x

(၄) ဆေးလက်မှတ်ခွင့်ရက်ရသော အလုပ်သမားသည် ခွင့်ရက်နှင့်နေသည့် ကာလ အပိုင်းအခြားအတွင်းတွင် သက်ဆိုင်ရာရာ မိမိရထိုက်ခွင့်ရှိသော အခကြေးငွေကို ဖြစ်စေ၊ လစာငွေကိုဖြစ်စေ၊ ရက်သတ္တပတ်စဉ်ပေးရန် တောင်းဆိုလျှင် တောင်းဆိုသည့်

---

[‡‡‡‡] ၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၂ အရ ပြင်ဆင်သည်။
[§§§§] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၅ အရ ပြင်ဆင်သည်။
[*****] ၁၉၇၅ခုနှစ်၊ ပြည်သူ့လွှတ်တော်နည်းဥပဒေများ အမှတ် (၂)အရ နုတ်ပယ်သည်။
[†††††] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[‡‡‡‡‡] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပယ်ဖျက်သည်။

အတိုင်းပေးရမည်။ အဆိုပါအခကြေးငွေကို ဖြစ်စေ၊ လစာငွေကိုဖြစ်စေ၊ ထုတ်ပေးမြဲအရပ်၌ အလုပ်သမားအားသော်ငင်း၊ အလုပ်သမားက လွှဲအပ်ထားသည့် ကိုယ်စားလှယ်အား သော်ငင်း ထုတ်ပေးရမည်။

(၅) အလုပ်သမားသည် မိမိရထိုက်သော ဆေးလက်မှတ်ခွင့်ရက်ကို သက်ဆိုင်ရာနှစ်အတွင်း မယူလျှင်ထိုခွင့်ရက်သည် ပျက်ပြယ်စေရမည်။

## ခွင့်ရက်ကို ပေါင်း၍ဖြစ်စေ၊ ဆက်၍ဖြစ်စေပေးခြင်း

၇။ [§§§§§]ပုဒ်မ၆ ၏ ပုဒ်မခွဲ (၅) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဆေးလက်မှတ်ခွင့်ရက်ကို လုပ်သက်ခွင့်ရက်နှင့် တဆက်တည်းခွင့်ပြုနိုင်သည်။

၇-က။ [******]ကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားများအား မီးမဖွားမီ ရက်သတ္တပတ်ခြောက်ပတ်နှင့်မီးဖွားပြီး ရက်သတ္တပတ်ရှစ်ပတ်ကို သက်ဆိုင်ရာအခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက် အဖြစ် ဖြင့်ခွင့်ပြုရမည်။ မီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။

## တဆက်တည်း ဆယ့်နှစ်လမလုပ်ရသည့် အလုပ်နှင့်စပ်လျဉ်းသည့် ခွင့်ရက်။

၈။ [††††††]ပုဒ်မ၄၊ ပုဒ်မ၅ နှင့် ပုဒ်မ၆ တွင် မည်သို့ပင်ပါရှိစေကာမူ ဆယ့်နှစ်လပတ်လုံး တဆက်တည်းမလုပ်ရသည့် အလုပ်တခုခုတွင်ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းတခုခုတွင်ဖြစ်စေ၊ အလုပ်ဌာနတခုခုတွင်ဖြစ်စေ လုပ်သည့် အလုပ်သမားသည် လုပ်သက်ခွင့်ရက်ကို၊ သို့တည်းမဟုတ်[‡‡‡‡‡‡](ရှောင်တခင်ခွင့်ရက်ကို၊ သို့တည်းမဟုတ် ဆေးလက်မှတ်ခွင့်ရက်ကို မိမိလုပ်သက်၏ အချိုးကျအတိုင်း ရနိုင်စေရမည်။

## ခွင့်ရက်အလုပ်ပိတ်ရက်နှင့်စပ်လျဉ်းသည့်သဘောတူစာချုပ်ပျက်ပြယ်ခြင်း

၉။ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အောက်အကျိုးယုတ်လျော့သော စည်းကမ်းချက်များဖြင့် ခွင့်ရက်ကိုဖြစ်စေ၊ အလုပ်ပိတ်ရက်ကိုဖြစ်စေယူရန်၊ အလုပ်သမားကချုပ်ဆိုသည့် အလုပ်သဘောတူစာချုပ်သည်၊ သို့တည်းမဟုတ် အလုပ်ပဋိညာဉ်စာချုပ်သည် အလုပ်ရှင်၏ တာဝန်ကို ယုတ်လျော့စေသည့် သဘောသက်ရောက်သည်နှင့်အမျှ ပျက်ပြယ်ရမည်။

## ကင်းလွတ်ချက်များ

၁၀။ (၁) အလုပ်တွင်သော်ငင်း၊ စက်မှုလက်မှုလုပ်ငန်းတွင်သော်ငင်း၊ အလုပ်ဌာနတွင်သော်ငင်း၊ ပိုင်ရှင်အပြောင်းအလဲ မည်သို့ပင်ရှိစေကာမူ၊ ထိုအပြောင်းအလဲကြောင့် ဤအက်ဥပဒေအရ အလုပ်သမားရထိုက်သော အခွင့်အရေးများကို မထိခိုက်စေရ ။

---

[§§§§§] ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၇ အရ ပြင်ဆင်သည်။

[******] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။

[††††††] ၁၉၅၁ခုနှစ်၊ ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၇ အရ ပြင်ဆင်သည်။

[‡‡‡‡‡‡] ၁၉၅၁ခုနှစ်၊ ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၇ အရ ပြင်ဆင်သည်။

(၂) သက်ဆိုင်ရာရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ၊ ရသည့်ခွင့်ရက်နှင့် သို့တည်းမဟုတ် အလုပ်ပိတ်ရက်နှင့်စပ်လျဉ်း၍ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်ထက် ပိုမိုကောင်းမွန်သည့် အခွင့်အရေးများထားရှိသော အခြားဥပဒေအရဖြစ်စေ အဆုံးအဖြတ်၏ သို့တည်းမဟုတ် အလုပ်သဘောတူစာချုပ်၏ သို့တည်းမဟုတ် အလုပ်ပဋိညာဉ်စာချုပ်၏ စည်းကမ်းချက်များအရဖြစ်စေ၊ ထုံးစံဓလေ့အရဖြစ်စေ၊ အလုပ်သမားခံစားခွင့်ရှိသော အခွင့်အရေးများကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကြောင့် မနစ်နာစေရ။

**မှတ်ပုံစာအုပ်များနှင့် မှတ်တမ်းများ**

၁၁။ အလုပ်ရှင်တိုင်းသည် မှတ်ပုံစာအုပ်များနှင့် မှတ်တမ်းများကို ပြဋ္ဌာန်းထားသည့်အတိုင်း ထိန်းသိမ်းထားရှိရမည်။

**စစ်ဆေးရေးအရာရှိ**

၁၂။ (၁) အလုပ်ရုံများအက်ဥပဒေအရ ခန့်ထားသည့်အလုပ်ရုံ [§§§§§§]စစ်ဆေးရေးအရာရှိသည် မိမိအားတာဝန်ချထားသောဒေသဆိုင်ရာနယ်နိမိတ်များအတွင်းရှိ အလုပ်ရုံအားလုံးနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေပါကိစ္စများအလို့ငှာ စစ်ဆေးရေးအရာရှိ ဖြစ်ရမည်။

(၂) [*******]အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည်၊ အမိန့်ထုတ်ပြန်၍ မိမိသင့်တော်သည် ထင်မြင်သည့် အခြားပုဂ္ဂိုလ်ကို ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ စစ်ဆေးရေးအရာရှိအဖြစ် ခန့်ထားနိုင်သည်။ ထို့ပြင်အဆိုပါစစ်ဆေးရေးအရာရှိ၏ အလုပ်ဝတ္တရားကိုဎင်း၊ ထိုသူဆောင်ရွက်ရမည့် အလုပ်ဝတ္တရားများနှင့် စပ်လျဉ်းသည့် အလုပ်သမားအတန်းအစားကိုဎင်း၊ ထိုသို့စပ်လျဉ်းသည့် အလုပ်မျိုးကို၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်းမျိုးကို၊ သို့တည်းမဟုတ် အလုပ်ဌာနမျိုးကိုဎင်း၊ ထိုသူအလုပ်ဝတ္တရားများ ဆောင်ရွက်ရမည့် ဒေသများကိုဎင်း သတ်မှတ်နိုင်သည်။

(၃) စစ်ဆေးရေးအရာရှိသည် ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန် လိုအပ်သည်ဟု မိမိထင်မြင်သည့်အတိုင်း၊ ထိန်းသိမ်းထားရှိမည့် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် မှတ်တမ်းကို သင့်လျော်သော အချိန်အခါတွင် မည်သည့် ဥပစာကို မဆိုဝင်ရောက်ကြည့်ရှု၍ စစ်ဆေးနိုင်သည်။ ထို့ပြင် လူတဦးဦး၏ သက်သေခံချက်ကို ချက်ချင်းဖြစ်စေ၊ ဆိုင်းငံ့၍ဖြစ်စေယူနိုင်သည်။ ထို့ပြင် အခြားကြည့်ရှုစစ်ဆေးနိုင်သည့် အာဏာများကိုလည်း သုံးစွဲနိုင်သည်။

(၄) စစ်ဆေးရေးအရာရှိ အသီးသီးသည် ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ၊ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

---

§§§§§§ ၂၀၀၆ ခုနှစ်၊ နယကဥပဒေ ၆/၀၆ အရပြင်ဆင်သည်။

******* ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။

## ကင်းလွတ်ခွင့်ပြုနိုင်သည့် အာဏာ

၁၃။ [†††††††]အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ထုတ်ပြန်၍ အလုပ်အမျိုးအစား တစ်ခုခုကိုသော်ဎင်း၊ စက်မှုလက်မှုလုပ်ငန်းအမျိုးအစားတခုခုကိုသော်ဎင်း၊ အလုပ်ဌာနအမျိုးအစား တခုခုကိုသော်ဎင်း၊ အဆိုပါအလုပ်၏ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်း၏သို့တည်းမဟုတ် အလုပ်ဌာန၏ အလုပ်သမားအတန်းအစားတခုခုကိုသော်ဎင်း၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက် အားလုံးမှဖြစ်စေ၊ ပြဋ္ဌာန်းချက်တခုခုမှဖြစ်စေ အဆိုပါထုတ်ပြန်ချက်တွင် သီးခြား ဖော်ပြထားသည့် ကာလအပိုင်းအခြားအတွက်လည်းဖြစ်၍ ထိုသို့သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ လည်းဖြစ်သော ကင်းလွတ်ခွင့်ကို ပြုနိုင်သည်။

## ပြစ်ဒဏ်

၁၄။ (၁) အလုပ်ရှင် တဦးဦးသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုဎင်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုဎင်း၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေအရ စာဖြင့်ချမှတ်သည့် အမိန့်တခုခုကိုဎင်းကျူးလွန်လျှင်၊ ထိုအလုပ်ရှင်သည် သုံးလထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ [‡‡‡‡‡‡‡]ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေစီရင်ခြင်းခံရမည်။ တရားရုံးသည် အဆိုပါ ဒဏ်အပြင်၊ အလုပ်သမားအား၊ ဤအက်ဥပဒေအရ၊ ခွင့်ပြုရမည်ဖြစ်သော ခွင့်ရက်နှင့် [§§§§§§§]အများပြည်သူအလုပ်ပိတ်ရက်များကို ခွင့်ပြုရန်နှင့်ပေးရမည့် အခကြေးငွေ အားလုံးကိုသော်ဎင်း၊ လစာငွေအားလုံးကိုသော်ဎင်း ပေးရန်အမိန့်ချမှတ်နိုင်သည်။

(၂) မည်သူမဆို ဤအက်ဥပဒေအရ အပ်နှင်းထားသည့် အာဏာကို သုံးစွဲနေသော စစ်ဆေးရေးအရာရှိကို တမင်ဟန့်တားလျှင်သော်ဎင်း၊ ဤအက်ဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများနှင့်အညီ၊ မိမိထားရှိသည့် မှတ်ပုံစာအုပ်ကိုသို့တည်းမဟုတ် အခြားစာချုပ်စာတမ်းများကို ထုတ်ပြရန် စစ်ဆေးရေးအရာရှိ က တောင်းဆိုသည့်အခါ၊ ထုတ်ပြရန် ပျက်ကွက်လျှင်သော်ဎင်း၊ သက်ဆိုင်ရာ အလုပ်သမားတဦးဦးကို စစ်ဆေးရေးအရာရှိရှေ့သို့ လာရောက်ခြင်း၊ သို့တည်းမဟုတ် စစ်ဆေးရေးအရာရှိ၏ အစစ်ဆေးခံခြင်း မပြုနိုင်အောင် ဝှက်ထားလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်သော်ဎင်း၊ ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ [********]ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

---

[†††††††] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[‡‡‡‡‡‡‡] ၂၀၀၆ ခုနှစ်၊ နယက ဥပဒေ ၆/၀၆ အရပြင်ဆင်သည်။
[§§§§§§§] ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။
[********] ၂၀၀၆ ခုနှစ်၊ နယက ဥပဒေ ၆/၀၆ အရပြင်ဆင်သည်။

## မည်သူသည်အလုပ်ရှင်ဖြစ်ကြောင်းဆုံးဖြတ်ခြင်း

၁၅။ (၁) အလုပ်ရှင်သည် ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူများအနက် မည်သူကိုမဆို၊ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှု တခုခုအတွက်၊ ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင် နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်းသို့တည်းမဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက် ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူတဦးဦးကိုဤအက်ဥပဒေပါကိစ္စများ အလို့ငှာ အလုပ်ရှင် အဖြစ် အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့်၊ ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့က စစ်ဆေးရေးအရာရှိအား နို့တစ်စာ ပေးပို့နိုင်သည်။ ထို့အပြင် ထိုပုဂ္ဂိုလ်သည် ယင်းသို့ နေထိုင်သမျှ ကာလပတ်လုံး မိမိအားအမည် တင်သွင်းထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်နို့တစ်စာကို စစ်ဆေးရေးအရာရှိက မရမီသော်၎င်း၊ မိမိသည် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် အစုပါဝင်သူအဖြစ်မှ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင် ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အလုပ်ရှင်သည်အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက် မည်သည့်ဒါရိုက်တာ လူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကိုမဆို အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတစ်ခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင် ကုမ္ပဏီဖြစ်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့် ဒါရိုက်တာလူကြီး တဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့် အစုပါဝင်သူ တဦးကိုသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှာ လုပ်ငန်းပိုင်ရှင်အဖြစ် အမည်တင်သွင်းထားပြီး ဖြစ်ကြောင်းဖြင့် စစ်ဆေးရေးအရာရှိအား နို့တစ်စာပေးနိုင်သည်။ ထို့ပြင်ထိုဒါရိုက်တာ လူကြီးသည် သို့တည်းမဟုတ် အစုပါဝင်သူသည်၊ ယင်းသို့ နေထိုင်သမျှ ကာလပတ်လုံး မိမိအား အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ် နို့တစ်စာကို စစ်ဆေးရေးအရာရှိက မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီး အဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူ အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများ အလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၃) အလုပ်ရှင်သည် အစိုးရသော်၎င်း၊ အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့သော်၎င်း၊ အခြားဒေသန္တရအာဏာပိုင်သော်၎င်း ဖြစ်လျှင် သက်ဆိုင်ရာ အလုပ်ဌာနကို ကြီးကြပ်ရန် အလုပ်ရှင်အား၊ တာဝန်ခံရသော ထိုအလုပ်ဌာန၏ အကြီးအကဲအဖြစ်ဖြင့် အစိုးရက၊ သို့တည်းမဟုတ် အဆိုပါအဖွဲ့က၊ သို့တည်းမဟုတ် အဆိုပါ အခြားဒေသန္တရအာဏာပိုင်က ခန့်ထားသောသူအား၊ အလုပ်ရှင်ကို ပြစ်ဒဏ်

ပေးနိုင်သည့် ပြစ်မှု တခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ် စီရင်နိုင်သည်။

**ပြစ်မှုများကိုအရေးယူခြင်း**

၁၆။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေပါပြဋ္ဌာန်းချက်အရဖြစ်စေ၊ ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက် စစ်ဆေးရေးအရာရှိ မှတပါး၊ သို့တည်းမဟုတ် စစ်ဆေးရေးအရာရှိ၏ စာဖြင့်ပေးသော ကြိုတင်အခွင့်အမိန့်ကို ရရှိသူမှတပါး အခြားမည်သူကမျှ တရားစွဲဆိုခြင်း မပြုရ။

(၂) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ ဖြစ်စေ၊ ဤအက်ဥပဒေ အရ ပြုသည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်အရ ဖြစ်စေ၊ ပြစ်မှုကို ပဥ္စမတန်း အာဏာရ တရားသူကြီးရုံးအောက် နိမ့်သောမည်သည့်တရားရုံးကမျှ မစစ်ဆေးရ။

**ဇယားကိုပြင်နိုင်သည့်အာဏာ**

††††††††၁၇။ x xxxxxx

**နည်းဥပဒေများပြုလုပ် နိုင်သည့်အာဏာ**

‡‡‡‡‡‡‡‡၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**(မြန်မာနိုင်ငံဥပဒေအတွဲ (၅)နှင့် တိုက်ဆိုင်စိစစ်ပြီး)**

†††††††† ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပယ်ဖျက်သည်။

‡‡‡‡‡‡‡‡ ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ အရ ပြင်ဆင်သည်။